the voice of spring

21.5.2021 · Friday · No . 46 · Daily News Pamphlet

## အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် ရှေ့နေတို့ တွေ့ဆုံခွင့်မရ၊ အမှုတွဲ တရားလွှတ်တော်ချုပ်တောင်းယူ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## CRPH အဖွဲ့နှင့် ဩစတေးလျရောက် မြန်မာမိသားစုများ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြဟုသိရ

သတင်းတို

ရင်းမြစ် – CRPH မှ

## ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းကိစ္စအဝဝကို ကြီးကြပ်လမ်းညွှန်ပေးရန် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကော်မရှင်ကို ဒုသမ္မတ၊ ပြည်ထောင်စုဝန်ကြီးချုပ်အပါအဝင် ပြည်ထောင်စုဝန်ကြီး(၁၄)ဦးတို့ဖြင့် ဖွဲ့စည်းလိုက်ကြောင်း NUG ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနထုတ်ပြန်

သတင်းတို

ရင်းမြစ် – PVTV မှ

## ရန်ကုန်၊ မန္တလေး အပါအဝင် နိုင်ငံအနှံ့ ပြောက်ကြားသပိတ်များဖြင့် အရှိန်မပြတ်ဆန္ဒဖော်ထုတ်ခဲ့ကြ



မေလ(၂၀)ရက်၊ ရန်ကုန်၊ ကမာရွတ်မြို့နယ်တွင် ပြုလုပ်ခဲ့သည့် လူငယ်ပေါင်းစုံသပိတ်စစ်ကြောင်းကို တွေ့ရစဉ် -(ဓါတ်ပုံ - CJ )

## တောင်ဒဂုံမြို့နယ်၊ စစ်ကျွန် ရဲစခန်းအနီး ဗုံးပေါက်ကွဲခဲ့ပြီး ရဲတဦး သေဆုံး

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## စစ်အုပ်စုက YRTA ကို YPTC အဖြစ်ပြောင်းလဲဖွဲ့စည်းပြီး YBS ယာဉ်စီးခ ပိုကောက်သဖြင့် ခရီးသည်များ ခက်ခဲ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## စစ်အုပ်စုမှပစ်ခတ်သည့် လက်နက်ကြီးကျည်များ ထိုင်းနိုင်ငံ၊ မဲ့ကထာရွာဘက် ကျရောက်ပေါက်ကွဲဟုသိရ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## NUG လူ့အခွင့်အရေးဆိုင်ရာပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စရပ်များကို စနစ်တကျ မှတ်တမ်းတင် စုဆောင်းထိန်းသိမ်းပြီး တရားဥပဒေနှင့် အမှန်တရားဖော်ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပြီး ကလေးလူငယ်ရေးရာဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ခဲ့

သတင်းတို

ရင်းမြစ် – နွေဦးအသံ မှ

## ဟားခါး၌ ချင်းဒေသကာကွယ်ရေးတပ်နှင့် တိုက်ပွဲများ နေရာအနှံ့ ဖြစ်ပွားနေပြီး စစ်အုပ်စုဘက်မှ (၁၀)ဦးခန့်ထပ်မံသေဆုံး

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ


## အကြမ်းဖက်စစ်အုပ်စု တပ်ချုပ်နှင့်ဒုတပ်ချုပ် တာဝန်ထမ်းဆောင်ခွင့် အသက်(၆၅)နှစ် ကန့်သတ်ချက်ကို ပယ်ဖျက်ခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

The Voice Of Spring Cartoon



21.5.2021 · Friday · No . 46 · Daily News Pamphlet

# သတင်းမှတ်စု

မေလ(၂၀)ရက်၊ ၂၀၂၁

- KNU ၏ တပ်မဟာ (၁)၊ (၆)၊ (၇) နယ်မြေများတွင် NUG/CRPH/PDF နှင့် ပတ်သက်သူများကို စစ်သင်တန်းပေးနေမှုအား ကန့်ကွက်ကြောင်း ကရင်နစကကောင်စီက မေ(၁၈)ရက်က အကြောင်းကြားစာ ပေးပို့စွပ်စွဲမှုကို KNU က ငြင်းဆိုထားဟုသိရ။
- နာဂဒေသ၊ လေရှီးမြို့နယ်တွင် မေလ(၁၇)ရက်က စစ်အုပ်စုစခန်းတခုကို အမည်မသိလက်နက်ကိုင်တပ်ဖွဲ့က တိုက်ခိုက်ခဲ့ရာ စစ်အုပ်စုဘက်မှ ဗိုလ်ကြီးတစ်ဦး၊ ဒုဗိုလ်တဦးအပါအဝင် စုစုပေါင်း(၄)ဦး သေဆုံးခဲ့။
- ပဲခူးရှိ အမှတ်(၆)မီးရထားရဲတပ်ဖွဲ့မှ စစ်ကျွန်ရဲသားအချင်းချင်း ရန်ဖြစ်ရာမှ မေ(၁၉)ရက်၊ ညနေ(၆:၁၅)နာရီတွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး တဦးမှာ နဖူးကျည်ထိမှန်၍ သေဆုံးခဲ့ဟုသိရ။
- စစ်ကိုင်းမြို့မဈေးအရှေ့ဘက်ရှိ အလယ်ပေါက်အနီးတွင် မေ(၁၉)ရက် ညပိုင်းက ဗုံးပေါက်ကွဲခဲ့ရာ စစ်ကျွန်သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး စစ်ကိုင်း၊ ဇေယျာကွက်သစ်နှင့် ရွှေမင်းဝံရပ်ကွက်များတွင်လည်း ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ဟုသိရ။
- ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်း၊ ကုလရုံးအနီးရှိ အ.ထ.က (၁) တာမွေ၌ မေ(၁၉)ရက်၊ ည(၈)နာရီခန့်က ပေါက်ကွဲမှု နှစ်ကြိမ်ဆက်တိုက် ဖြစ်ပွားရာ စစ်ကျွန်ရဲမှူး အပါအဝင် ရဲသားအချို့ ဒဏ်ရာရရှိခဲ့ဟုသိရ။
- ရန်ကုန်၊ ဒဂုံမြို့သစ် တောင်-မြောက်လမ်းဆုံအနီး တောင်ဒဂုံရဲစခန်းအနီးရှိ ဆိုက်ကားဂိတ်တွင် Bluetooth စပီကာဖြင့် တော်လှန်ရေး သီချင်းဖွင့်ထားမှုကြောင့် သွားရောက်ပိတ်ရာမှ ပေါက်ကွဲမှုဖြစ်ပြီး စစ်ကျွန်ရဲသားတဦး ထိခိုက်သေဆုံးခဲ့ပြီး မပေါက်




ကွဲသေးသည့် ဗုံးတစ်လုံး ထပ်မံတွေ့ရှိခဲ့။
- စမ်းချောင်းမြို့နယ်၊ သံတံတားလမ်းနှင့် တရုတ်ကျောင်းလမ်းကြားတွင် နေ့လယ်(၁၂)နာရီခန့်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့။
- မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်းရှိ Makro ရှော့ပင်းစင်တာ ကားပါကင်တွင် နေ့လယ်(၂:၁၅)နာရီခန့်က အသံဗုံးပေါက်ကွဲခဲ့။
- မြင်းခြံမြို့၊ ငွေကြယ်ဖြူဆေးဆိုင်၌ နံနက်(၇)နာရီကျော်ခန့်၊ အမှတ်(၁၉)ရပ်ကွက်ရှိ မသီတာယုမွန်၏အိမ် စသဖြင့် (၂)နေရာခန့်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့။
- ပြည်မြို့တွင် မေ(၁၉)ရက်၊ ညနေပိုင်းက ရွှေတံခါးရပ်ကွက်ရုံး၌ ဗုံးသုံးလုံး ဆက်တိုက်ပေါက်ကွဲခဲ့ဟုသိရ။
- မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ မေ(၁၉)ရက်၊ ည(၉)နာရီခန့်က အ.ထ.က(၂၄) မှ CDM ပြုလုပ်ထားသည့် ဆရာမ ဒေါ်စောစန္ဒာအေးနှင့် ကျောင်းစောင့်တဦးကို စစ်အုပ်စုက လာရောက် ဖမ်းဆီးခဲ့ဟုသိရ။
- တာမွေမြို့နယ်၊ (၁၅၅) လမ်းရှိ လူငယ်(၁၀)ဦးခန့်အား နေ့လယ်(၁၁)နာရီခွဲခန့်က စစ်အုပ်စု လာရောက် ဖမ်းဆီးခဲ့ဟုသိရ။
- ပင်လယ်ဘူးမြို့နယ် NLD တိုင်းအမတ် ဦးသန်းလှိုင်မှာ မြို့နှင့် မိုင်(၂၀)ခန့်ဝေးသည့် ကျေးရွာတရွာတွင် ပုန်းရှောင်နေစဉ် စစ်အုပ်စုက ၎င်းနှင့်အတူ ဒေသခံသုံးဦးကို ဖမ်းဆီးခဲ့။
- ရန်ကုန်၊ ကြည့်မြင်တိုင်။ စစ်ကိုင်း၊ ထီးချိုင့်။ အောင်လံမြို့၊ ဇီးနံ့ကျေးရွာ။ တနင်္သာရီမြို့နယ်၊ တကူးရွာ။ ဖားကန့်၊ ဆိပ်မူအုပ်စု၊ တောင်းကော့ကျေးရွာ တို့၌ စစ်ကျွန်ပညာရေး အလိုမရှိ သပိတ်ကို ပြုလုပ်ခဲ့ပြီး မန္တလေး၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့။ တန့်ဆည်။ ရှမ်း-ကျောက်မဲ မြို့တို့၌ ဆိုင်ကယ်သပိတ်ကို ပြုလုပ်ခဲ့ကြ။
- ရန်ကုန်၊ အင်းစိန်၊ တောင်ဒဂုံ၊ ကမာရွတ်။ မန္တလေး၊ တပ်ပေါင်းစုသပိတ်၊ စက်မှု စုပေါင်း၊ မန္တလာ တကသ၊ သံဃာသမဂ္ဂ၊ ပုသိမ်ကြီး။ ညောင်ဦး။ ပခုက္ကူ။ ကမ္ဘ။ ရေဦး။ မုံရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်။ ဘုတလင်။ မြိုင်။ မိုးကောင်း။ ပုဂံ။ ကလေးမြို့။ ရေဖြူ၊ ကံပေါက်။ ထားဝယ်။ လောင်းလုံမြို့နယ် ညင်းမော်၊ စစ်ပြုံ၊ သဇာ၊ ပဒ္ဒသီမော်၊ ကထောင်းနီ၊ မောင်းမကန်။ ကရင်၊ သံတောင်။ ဖားကန့်မြို့၊ မော်ပေါင်းစုံသပိတ်၊ တာမခန်၊ နမ္မတီး။ ရှမ်း-မူဆယ် စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ် စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော် ထုတ်ခဲ့ကြ။ ရင်းမြစ် - မဇ္ဈိမ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
မေလ(၁၉)ရက်အထိ

ကျဆုံးသူဦးရေ
- ၈၀၇ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၅၂၇၀ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၇၄၂ ဦး

ရင်းမြစ် - အေအေပီပီမှ











မေလ(၂၀)ရက်၊ မုံရွာမြို့၌ ပြုလုပ်ခဲ့သည့် အင်အားရာချီသည့် ပင်မသပိတ်စစ်ကြောင်းကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ - CJ )

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**

**နွေဦးစကား ဒို့ပြောကြား**

“ငါတို့ဟာ နိုင်ငံတော်ပဲ ဘယ်အစိတ်အပိုင်းထိထိ နာတယ်”